# ချစ်ဦးညို

# အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ



# အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ
## နွမ်ဂျာသိုင်း

*

### အမှာစာ

[က]

ဤစာအုပ် "အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ " . . . သည် စာရေးသူ၏ ပထမဆုံး ရေးသားသော ဝတ္ထုရှည်ဖြစ်ပါသည်။

၁၉၇၉ ခုနှစ် က ရေးသားခဲ့ပြီး၊ ၁၉၈ဝ မတ်လတွင် ပထမဆုံး ထုတ်ဝေခဲ့ပါသည်။ ပထမအကြိမ်က ဆရာငြိမ်းကျော်၊ ဆရာမင်းလူတို့နှင့် တွဲဖက်ပြီး "အလွမ်းပျော်ရဲ့ မေ့မရတဲ့ အချစ်ဆုံး အတ္ထုပ္ပတ္တိ" အမည်ဖြင့် သုံးပုဒ်ပေါင်း ထုတ်ဝေခဲ့ပါသည်။

၁၉၈၄ ခုနှစ်တွင် ရွှေသမင် စာပေမှ အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ၊ THE STORY OF MY BELOVED အမည်ဖြင့် ဆရာ PAW HTIN ၏ အင်္ဂလိပ် ဘာသာပြန်ဖြင့် တွဲဖက်၍ အင်္ဂလိပ် - မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။

၁၉၉၂ မတ်လတွင် စေတနာစာပေမှနေ၍ ကျွန်တော်၏ ပထမဆုံး လုံးချင်းကဗျာစာအုပ် "ပါးကွက်ကြားနှင့် လပြည့်ဝန်း"နှင့် ပထမဆုံးများ ပူးပေါင်းပြီး လပြည့်ဝန်းရဲ့ အတ္ထုပ္ပတ္တိ အမည်ဖြင့် တတိယ အကြိမ် ထုတ်ဝေခဲ့ပါသည်။

ယခု ၂၀၁၁ ခုနှစ်တွင် "အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ" ချည်း၊ "အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ" အမည်ဖြင့် သီးသန့် ပထမအကြိမ် ထုတ်ဝေခြင်း ဖြစ်ပါသည်။ စုစုပေါင်း ပုံနှိပ်ဖော်ပြခြင်းအနေနှင့် စတုတ္ထ အကြိမ်ဖြစ်ပါသည်။

[၁]

တိုက်တိုက်ဆိုင်ဆိုင်ပင် ဤဝတ္ထု ရေးသားဖြစ်ခြင်းအကြောင်း၊ ရေးသားရန် အားထုတ်ပုံ၊ ရေးသားပုံ ရေးသားနည်း စသည်တို့ကို၊ အသေးစိတ် ရေးသားပြီး ဤဝတ္ထုမှနေ၍ စာရေးဆရာ တစ်ယောက် ဘဝကို ကျွန်တော် ရပ်တည်နိုင်ခဲ့ပုံ၊ အောင်မြင်ခဲ့ပုံ စသည်တို့ကို ရေးသား၍၊ အသက် ၃၂ နှစ်ရှိပြီ ဖြစ်သော " အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ"၏ အတ္ထုပ္ပတ္တိကို ၂၀၁၁ ခု စက်တင်ဘာလနှင့် အောက်တိုဘာလ သရုပ်ပါမဂ္ဂဇင်း တို့တွင် ရေးသား ထုတ်ဝေခဲ့ပါသည်။

၂၀၁၁ ခု နိုဝင်ဘာလဆန်း ၁ ရက်နေ့တွင် ဤစာအုပ် ထုတ်ဝေသူ ဦးမြင့်ထွန်းနှင့် ကဗျာဆရာ အစ်ကို ဦးသူရဇော်တို့က ဤစာအုပ်ကို ပြန်လည် ဆန်းသစ် ထုတ်ဝေမည် ဆိုသောအခါ ကျွန်တော် မဖော်ပြနိုင်လောက်အောင် ဝမ်းသာရပါသည်။

ဤသို့ အမှတ်တရဖြစ်ဖွယ် စာအုပ်လေးများ၊ များစွာကိုလည်း အထူးထုတ်ဝေမှု အစီစဉ်အနေနှင့် ထုတ်ဝေမည်ဟုလည်း ပြောပါသည်။

[၇]

ဝမ်းသာကြည်နူးစွာ ကြိုဆိုပါရစေ ...

မြန်မာစာပေလောကတွင် တရားဓမ္မစာပေ တိုးတက်ရေး ကြီးပွားအောင်မြင်ရေးနှင့် နိုင်ငံရေး အတ္ထုပ္ပတ္တိရေး၊ စသော စာအုပ်များ ဖွံ့ဖြိုးပြည့်စုံနေသော်လည်း ရသစာပေများစွာ အားနည်း သွားပါသည်။

ရသ စာပေ မေးမိုန်ခြင်းသည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အတွက် အားနည်း၊ ဆုတ်ယုတ်မှု တစ်မျိုးပင် ဖြစ်ပါသည်။ ဤကွက်လပ်ကို ဖြည့်ဆည်းရန် အားထုတ် သူများကို၊ ရသစာပေရေးသူ တစ်ယောက်အနေနှင့် အထူးဝမ်းမြောက်စွာ ကြိုဆိုပါသည်။

စေတနာရှင်များ အားလုံး၏ စေတနာကိုလည်း အထူးဂုဏ်ပြုပါသည်။

ရသစာပေ တိုးတက် အစွန့်ရှည်ကြောင်းကိုလည်း အစွမ်းကုန် ဆုတောင်းပါသည်။

ခင်မင်လေးစားစွာဖြင့်

နွမ်ဂျာသိုင်း

***

ဖီးနစ်ငှက်ဟာ ...
သာယာတဲ့ညနေခင်းမှာ
ကွယ်လွန်ခဲ့ရပေမဲ့
တစ်ဖန်ရှင်ပျံလာစမြဲပါပဲ ...

ဖီးနစ်ငှက်နဲ့တူတဲ့
ငါ့အချစ်တွေကို ငါမသိသေးခင်
၁၉၀၃ - ခုနှစ်တုန်းကတော့
ဟောဒီ လွမ်းတေးကို
ငါသီဆိုခဲ့မိပါရဲ့..။
(အပေါ်လီနိုင်း၏ နာမကျန်းသော အချစ်တေးသံ ကဗျာမှတ်ချက်မှ)

***

"အချိန်စာရင်းလေး ခဏကြည့်ချင်လို့ပါ"

ကိုယ့်စကားအဆုံးမှာ ကျောင်းသားရေးရာဌာနက မမပြုံး မော့ကြည့်လိုက်ပြီး ...

"ဟော ... ဘယ်သူ့ဆီ သွားမလို့လဲ အထွန်း"

"ကိုသက်အောင်ဆီ သွားမလို့ မမပြုံး"

မမပြုံးက အချိန်စာရင်းစာအုပ်ကို တစ်ရွက်ချင်းလှန်ပြီး သေသေချာချာ ရှာနေရာက ...

"ဆရာဦးသက်အောင် ဟိုက်ဗို့တိတ်ချ်လက်ဗ်မှာ ရှိလိမ့်မယ်"

မမပြုံးကို ကိုယ်နှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။ ကျောင်းသားရေးရာ ဌာနကို ကျောခိုင်းပြီး ဗို့အားမြင့် စမ်းသပ်ခန်းဘက်သွားနေတဲ့ ကိုယ့်ရင်ထဲမှာ မလုံလဲတဲ့ဝေဒနာ ခံစားနေရသလိုပဲ။

ကိုယ့် နောက်ကျောကို အတွေးတစ်ခုခုနဲ့ ကြည့်နေလိမ့်မယ်လို့လဲ သိနေသလိုပဲ မြလေး ...။

အဆောင်တစ်နဲ့အဆောင်နှစ် ကူးတဲ့တံတား နှစ်ဖက်ကြား ရောက်တော့ ရေပန်းလေးကို လှမ်းကြည့်မိတယ်။ ရေပန်းက ရေမကျတာကြာပြီမို့ ကန်လေး ခန်းခြောက်နေတယ်။

အဆောင်နှစ်ရဲ့ ပထမအကန့်အလွန်လေး ရောက်တော့ ကျောင်းရဲ့ အထင်ကရ စွယ်တော်ပင်ကြီးကို တွေ့လိုက်ရတယ်။ ဆောင်းရက်ရှည်ကို အကြာကြီး ဖြတ်လာခဲ့ရလို့ စွယ်တော်ပင်ကြီးလည်း ခြောက်သွေ့ရှုံးပြိုင်းနေတယ်။

အဆောင်နှစ်ရဲ့ တတိယကန့် အရောက်မှာ ဘယ်ဘက်ကို ချိုးကွေ့တယ်။ အခန်းအနည်းငယ် ကျော်မိတော့ ဗို့အားမြင့် စမ်းသပ်ခန်းရှေ့ ရောက်လာတယ်။

တစ်ချပ်ပွင့်နေတဲ့ တံခါးကနေ ကိုယ်ကို ငဲ့ကြည့်လိုက်တဲ့အခါ ကျောင်းသားတွေကြားမှာ ကိရိယာပစ္စည်းတွေနဲ့ အလုပ်ရှုပ်နေတဲ့ သက်အောင်ကို မြင်ရတယ်။ ကိုယ်လည်း အပြင် ကော်ရစ်ဒါကနေ အလိုက်တသိနဲ့ ရပ်စောင့်နေဖို့ ဆုံးဖြတ်လိုက်တယ်။

ကော်ရစ်ဒါလမ်း အပေါ်အမိုးက နာရီမှာ သုံးနာရီထိုးဖို့ ဆယ့်ငါးမိနစ်ပြနေတယ်။ ဆယ့်ငါးမိနစ်လောက် စောင့်ဖို့ ကိုယ့်မှာ အခက်အခဲ မရှိပါဘူး။

ကော်ရစ်ဒါ လက်ရန်းကို မှီလိုက်ရင်း ကိုယ့်မျက်လုံး အစုံက လက်တွေ စမ်းသပ်ခန်းထဲ ဝေ့သွားတယ်။

အဲဒီမှာ အခန်းရဲ့ အနောက်ဘက်နံရံမှာရှိတဲ့ စာကြောင်းက မျက်လုံးထဲ တည့်တည့်ဝင်လာတယ်။

အန္တရာယ်ရှိသည်။

***